UN WOMEN



# COVID-19 နှင့်အမျိုးသမီးများ/ကျားမရေးရာ သက်ရောက်မှုများ

## သင်ရိုး ဖော်ပြချက်

ဤ သင်ရိုးတွင် ဖွံ့ဖြိုးမှု အပါအဝင် ကျန်းမာရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ အမျိုးသမီး၊ ငြိမ်းချမ်းရေး၊လုံခြုံရေးနှင့် လူမှုသဟ ဇာတ မျှတရေး ရှုထောင့်မှ အမျိုးသမီးများ/ကျား၊မရေးရာအပေါ် COVID-19 ၏ သက်ရောက်မှုများကို မိတ်ဆက် တင်ပြ ထားပါသည်။

မြန်မာနိုင်ငံတွင် ရှိနေနှင့်ပြီး ဖြစ်သော ကျား၊မရေးရာနှင့် ဆက်နွယ်သော ကျန်းမာရေး ပြဿနာများစွာနှင့်အတူ ကျန်းမာရေး နှင့် စီးပွားရေးကဏ္ဍ အပါအဝင် ကဏ္ဍအမျိုးမျိုးတွင်ရှိနေသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် COVID-19 ကပ်ရောဂါက ပိုမိုဆိုးရွားစွာ ထိခိုက်စေပါသည်။ COVID-19 သည် ကျန်းမာရေး ကဏ္ဍတွင်းရှိ ကျန်းမာရေး ဝန်ဆောင်မှုကို ရှာဖွေအသုံးပြုနေသူများသာမက ဝန်ဆောင်မှုပေးသူများကိုပါ ထိခိုက်စေသည်။ တည်ရှိနေဆဲ ကျား၊ မ ရေးရာ ရှုထောင့်အရ မညီမျှမှုများ၊ ကန့်သတ်ချက်များနှင့်အတူ အမျိုးသမီးများ/ ကျား၊ မ ရေးရာအပေါ် အရေးကြီးသော ကျန်းမာရေး လိုအပ်ချက်များသာမက COVID-19 တုံ့ပြန်ဆောင်ရွက်ချက်များကြောင့် တိုးလာသော ဝန်ထုပ်ဝန်ပိုးများနှင့် ပတ်သက်သော အန္တတ်သဘောဆောင်သည့် အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ဆင်းရဲမွဲတေမှုနှုန်း ၂၄.၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၎င်းသည် ၂၀၀၅ ခုနှစ်တွင်ရှိခဲ့သော ၄၈.၂ ရာခိုင်နှုန်းမှ ကျဆင်းလာခြင်းဖြစ်သည်။ ၂၀၂၀ခုနှစ်တွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားပြီး ရောဂါကို ထိန်းချုပ်ဟန့်တားသည့် အစီအစဥ်များကြောင့် စီးပွားရေးကဏ္ဍတွင် ကြီးမားသောထိခိုက်မှုရှိခဲ့ပါသည်။ ဝင်ငွေကျဆင်းခြင်းနှင့် ထိခိုက်ခံစားလွယ်သည့် အိမ်ထောင်စုများတွင် ပြဿနာကိုဖြေလျှော့ပေးနိုင်သည့် အစီအစဥ်များ နည်းပါးခြင်းကြောင့် ၂၀၂၀နှစ်ကုန်ပိုင်းတွင် ဆင်းရဲမွဲတေမှုနှုန်းသည် ၆ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ တိုးလာခဲ့သည်။ ရောဂါထိန်းချုပ်ဟန့်တားသည့် အစီအစဥ်များသည် အထူးသဖြင့် အသေးစားလုပ်ငန်းများနှင့် မိသားစုပိုင် စီးပွားရေးလုပ်ငန်းများကို ထိခိုက်ခဲ့ပြီး ထိုလုပ်ငန်းများကို ပိုင်ဆိုင်သောမိသားစုများတွင် ပိုမို ထိခိုက်ခံစားခဲ့ရပါသည်။ စီးပွားရေး ကပ်ဆိုက်မှုတွင် အမျိုးသမီးများနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် အများဆုံး ထိခိုက်နိုင်ခြေရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများကို အလုပ်ခန့်ထားသော စီးပွားရေးလုပ်ငန်း အမျိုးအစားများသည် COVID-19 ကြောင့် တိုက်ရိုက်ထိခိုက်ခဲ့သည့်အပြင်၊ ကပ်ရောဂါအချိန်တွင် အိမ်တွင်းအလုပ်များသည် အမျိုးသမီးများအပေါ်အချိုးမညီမျှစွာ ပိုမို ဝန်ပိစေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် COVID-19 ဆိုင်ရာ စီးပွားရေး ကုစားမှု အစီအစဉ် (CERP) ဖော်ဆောင်ရာတွင် အမျိုးသမီးများ/ ကျား၊ မရေးရာ၏ လေးနက်သော ပူးပေါင်းပါဝင်မှု အလို့ငှာ ဤသင်ရိုးထဲတွင် လက်ရှိ တည်ရှိနေဆဲ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍ၌ COVID-19 ၏ သက်ရောက်မှု များအပေါ် ကျား၊ မရေးရာ သုံးသပ်ချက် ဖြစ်စဉ်ပါဝင်သည်။ ဤသင်ရိုးတွင် လက်ရှိ အခြေအနေနှင့် ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍအတွင်း အမျိုးသမီး များ/ ကျား၊ မ ရေးရာအပေါ် ကပ်ရောဂါ ဖြစ်ပွားမှု၏ သက်ရောက်မှုနှင့် ပတ်သက်သည့် အတွေ့ အကြုံများကို သုံးသပ်ခြင်း၊ CERP ၏ ကျား၊ မ ရေးရာ ပြဿနာများအပေါ် တုံ့ပြန်ဖြေရှင်းဆောင်ရွက်မည့် ကျန်းမာရေးစနစ်အား မြှင့်တင် ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထိရောက်ဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံး နည်းလမ်းများကို ထည့်သွင်းစဥ်းစား နိုင်ရန် ကျား၊ မရေးရာ ဆိုင်ရာ သီးခြား လိုအပ်ချက်များအား ဖော်ထုတ်ခြင်းတို့ ပါဝင်သည်။

ကမ္ဘာတဝှမ်း အနည်းဆုံး လူပေါင်း သန်းပေါင်း ၂ ထောင်တို့သည် ထိရှလွယ်မှု၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုများ၏ သက်ရောက် မှုခံနေရသော ဒေသများတွင် နေထိုင်နေကြသည် (UNOHCHR)။ COVID-19 သည် ပဋိပက္ခ ဒဏ်ခံနေရသော ဒေသများရှိ လူပေါင်းများစွာ၏ အသက်များကို ပို၍ အကာအကွယ်မဲ့စေသည်။ ပဋိပက္ခဒဏ်သင့် အခြေအနေများတွင် အမျိုးသမီးများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုသည် အထူးသဖြင့် စိုးရိမ်စရာ ဖြစ်သည်။ ယင်းကဲ့သို့ ဆိုးရွားသော အခြေအနေများတွင် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း နှင့် အခြားအရေးကြီးသောဝန်ဆောင်မှုများ ရရှိမှုနှင့် ပတ်သက်ပြီး အပြင်းအထန်ကန့်သတ်ခံထားရသည်။ အမျိုးသမီးများ ၏ တန်းတူ ညီမျှရရှိပြီး လေးနက်သော အပြည့်အဝ ပါဝင်မှုသည် ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုနှင့် ကုစားမှု အပါအဝင် ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ရေရှည်တည်တံ့သော နည်းလမ်းများ အောင်မြင်ရန် အတွက် အဓိကကျပါသည်။ (ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့)။ ဤသင်ရိုးတွင်အထူးသဖြင့် အမျိုးသမီးများ ငြိမ်းချမ်းရေး၊လုံခြုံရေးနှင့် လူမှုသဟဇာတ မျှတရေး ရှုထောင့်မှ အမျိုးသမီးများ/ ကျား၊မရေးရာအပေါ် COVID-19 ၏ သက်ရောက်မှုကို နားလည်သဘောပေါက် စေရန် ရည်ရွယ်သည်။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများ/ ကျား၊မ ရေးရာအပေါ် ကပ်ရောဂါ၏

COVID-19 RESPONSE

UN WOMEN

သက်ရောက်မှု၊ အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတမျှတရေးကဏ္ဍများတွင် အမျိုးသမီးများ/ ကျား၊ မရေးရာ အပေါ် COVID-19 ၏ သက်ရောက်မှု၊ အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများတွင် ကျား၊မရေးရာ ထည့်သွင်း စဉ်းစားခြင်း လိုအပ် ကြောင်း ပိုမို နားလည်သဘောပေါက်စေရန် ဖြစ်ပါသည်။ COVID-19 အတွက် လူမှု စီးပွားဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် တိုင်းပြည်၏ လူမှုသဟဇာတဖြစ်မှုနှင့် လူမှုအသိုက်အဝိုင်း၏ ခံနိုင်ရည်ရှိမှုအပေါ် အကျပ်အတည်းဖြစ်ပေါ်စေသည့် ပြင်းထန်သော ခြိမ်းခြောက်မှုများကို အပြည့်အဝထည့်သွင်းစဉ်းစားရမည် (ကုလသမဂ္ဂ၊ မြန်မာနိုင်ငံ)။
အချုပ်အားဖြင့် ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ အမျိုးသမီး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး နှင့် လူမှုသဟဇာတမျှတရေး ရှုထောင့်မှ အမျိုးသမီးများ/ ကျား၊မရေးရာ အပေါ် COVID-19 ၏ သက်ရောက်မှုများကို သိရှိပြီး COVID-19 ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ဤသင်ရိုးကို ရည်ရွယ်ပြီး ပြုစုထား ပါသည်။

ကျား၊မရေးရာ၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နေကြသော အမျိုးသမီး အုပ်စုများနှင့် အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ အနေဖြင့် ကျား၊မရေးရာ /အမျိုးသမီးများ အပေါ် COVID-19 ကပ်ရောဂါသက်ရောက်မှု နှင့် COVID-19 ကပ်ရောဂါကို တုံ့ပြန် ဆောင်ရွက်မှုများကို သင်တန်းများပေးသည့်အခါ ဤသင်ရိုးကို အသုံးပြု ဆွေးနွေးနိုင်ပါသည်။

ဤသင်ရိုးတစ်ခုလုံးတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ပါဝါပွိုင့်များ၊ အုပ်စုလိုက်ဆွေးနွေးရန်အတွက် အထောက်အကူပြု မှတ်တမ်းများနှင့် သင်တန်းဆရာ/အကျိုးဆောင်အတွက် လမ်းညွှန်ချက်များ ထည့်သွင်း ထားပါသည်။ သင်တန်းဆရာ/ အကျိုးဆောင်အတွက် လမ်းညွှန်ချက်တွင် သင်တန်းပို့ချရန် သင်ခန်းစာတစ်ခုစီကို အချိန်ခွဲဝေခြင်းမှ အစ အဆင့်ဆင့် အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ အသုံးပြုမည့်သူမှ အဖွဲ့အစည်းနှင့် သင်တန်းတွင် ပါဝင်တက်ရောက်မည့်သူများလိုအပ်ချက်အရ သင်ရိုးတွင် ပါဝင်သည့် အချက်အလက်များကို ညှိနှိုင်းပြင်ဆင်နိုင်ပါသည်။

## သင်ရိုးတစ်ခုလုံး၏ ရည်ရွယ်ချက်များ

| |
|---|
| ကျား၊ မရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးမြှင့်ရန် |
| ကျန်းမာရေးနှင့် စီးပွားရေး ကဏ္ဍများတွင် ကျား၊မရေးရာနှင့် COVID-19 ၏ သက်ရောက်မှုများကို လေ့လာ ဆွေးနွေးရန် |
| ထိရောက်သော COVID–19 တုံ့ပြန်ဆောင်ရွက်မှုအတွက် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှု သဟဇာတ မျှတရေးအား ထည့်သွင်းခြင်း၏ အရေးပါမှုနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ရန် |
| COVID-19 ဆိုင်ရာ စီးပွားရေးကုစားမှုအစီအစဉ်နှင့် ကျား၊မရေးရာ ရှုထောင့်များမှ မည်သို့တုံ့ပြန်ရမည်နှင့် ပက်သက်သည့် အသိပညာ ဗဟုသုတများ ရရှိရန် |

## သင်ကြားမှု အပိုင်းများ

| | |
|---|---|
| **အပိုင်း ၁** | အမျိုးသမီးများနှင့် ကျား၊မရေးရာနှင့် ဖွံ့ဖြိုးမှုအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ |
| **အပိုင်း ၂** | ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ကျန်းမာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် အမျိုးသမီးများ အပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ |
| **အပိုင်း ၃** | ထိရောက်သော COVID–19 တုံ့ပြန်ဆောင်ရွက်မှုအတွက် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှု သဟဇာတ မျှတရေးအား ထည့်သွင်းခြင်း |
| **အပိုင်း ၄** | COVID-19 ဆိုင်ရာ ကုစားမှုအစီအစဉ်တွင် ကျား၊ မရေးရာ ရှုထောင့် များမှ တုံ့ပြန်ဆောင်ရွက်မှု |

## အပိုင်း(၁) - အမျိုးသမီးများနှင့် ကျားမရေးရာနှင့် ဖွံ့ဖြိုးမှုအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ

လိုအပ်သော သင်ထောက်ကူပစ္စည်းများ - ပါဝါပွိုင့် တင်ပြချက်များ

အချိန် - ၁နာရီ

### အပိုင်း (၁) ရည်ရွယ်ချက်များ

ကျားမရေးရာနှင့် ဖွံ့ဖြိုးမှု ဆက်စပ်မှုကို ပိုမိုနားလည်ရန်

အမျိုးသမီးများနှင့်အမျိုးသားများအပေါ် COVID-19 က ကွဲပြားသော နည်းလမ်းများဖြင့် အကျိုးသက်ရောက် နေသည်ကို သိရှိရန်

### အစီအစဉ်

| အပိုင်း | ကြာချိန် | သင်ခန်းစာ | နည်းလမ်းနှင့် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁ | မိနစ် ၃၀ | ဖွံ့ဖြိုးမှု ညွှန်းကိန်းများနှင့် မြန်မာနိုင်ငံ၏ ကျားမရေးရာများ | တင်ပြဆွေးနွေးခြင်း<br>မေးခွန်းမေးခြင်း |
| ၂ | မိနစ် ၃၀ | COVID-19 ကပ်ရောဂါ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျားမရေးရာတန်းတူညီမျှမှု | တင်ပြဆွေးနွေးခြင်း<br>အပြန်အလှန်ဆွေးနွေးခြင်း |

### လုပ်ငန်းစဉ် သင်ခန်းစာ (၁) - ဖွံ့ဖြိုးမှု ညွှန်းကိန်းများနှင့် မြန်မာနိုင်ငံ၏ ကျားမရေးရာများ (ပါဝါပွိုင့် အမှတ် ၇ မှ ၂၃ အထိ)

| | |
|---|---|
| အဆင့်(၁) | အပိုင်း(၁) ၏ ရည်ရွယ်ချက်များကို အကျဉ်းချုပ်ရှင်းပြပါ။ |
| အဆင့်(၂) | ပါဝင်ဆွေးနွေးသူများကို “ ဖွံ့ဖြိုးမှုဆိုတာ ဘယ်လိုနားလည်ပါသလဲ ( ဖွံ့ဖြိုးမှုဆိုတာဘာလဲ) “မေးပါ။ ၅- ၆ ဦးခန့် ၄င်းတို့၏ အမြင်ကို ဆွေးနွေးစေပါ။ ၄င်းတို့၏အမြင်ကို ချရေးထားကာ အခြားသူများကိုလည်း ကွဲပြား ခြားနားသောအမြင်များ ရှိပါက မျှဝေရန် အားပေးပါ။ |
| အဆင့် (၃) | ဖွံ့ဖြိုးမှု အဆင့် (၅)ဆင့် ကိုရှင်းပြပါ။ (၁) တစ်ဦးတစ်ယောက်ချင်း၊ (၂) မိသားစု၊ (၃) အဖွဲ့၊ (၄) အဖွဲ့အစည်း၊ (၅) နိုင်ငံ တို့ဖြစ်ကြောင်း ရှင်းပြပါ။<br><br>(၁) အပြုသဘောဆောင်သော အပြောင်းအလဲများဖြစ်လာသောအခါ ဖွံ့ဖြိုးမှု ဖြစ်ပါ ကြောင်း၊<br><br>(၂) ဖွံ့ဖြိုးမှုနယ်ပယ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်မျိုး အပြန်အလှန် မှီခိုနေ သည်မျိုး ရှိပါကြောင်း၊<br><br>(၃) သို့ပါ၍ မသန်စွမ်းအပါအဝင် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးနှင့် ယောကျ်ားလေး ၊အခြား တိုင်းရင်းသားများ၏ ဖွံ့ဖြိုးမှု အရေးကြီးပါကြောင်း ရှင်းပြပါ။ |
| အဆင့်(၄) | ဖွံ့ဖြိုးမှု၏ မည်သည့်နယ်ပယ်များက မည်သို့ ကိုယ်စားပြုနေသည်ကို ၄င်းတို့၏ ဆွေးနွေးချက်အပေါ် အခြေပြုပြီး အနှစ်ချုပ်ပါ။ |

COVID-19 RESPONSE

UN WOMEN

| | |
|---|---|
| အဆင့် (၅) | နယ်ပယ်များ၏ အပြုသဘောပြောင်းလဲမှုများ (သို့) တိုးတက်မှုများကို ပြသရန် ညွှန်းကိန်းများအကြောင်း ရှင်းပြပါ။ ဖွံ့ဖြိုးမှု နယ်ပယ်၏ မည်သည့် ညွှန်းကိန်းက မည်သည်တို့ကို ကိုယ်စားပြုကြောင်း အလေးထား ဆွေးနွေးပါ။ |
| အဆင့်(၆) | ပါဝင်ဆွေးနွေးသူများကို ဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုစီအတွက် ညွှန်းကိန်း နှစ်ခုကို ဖော်ထုတ်ရန် ပြောပြပါ။ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်နှင့် ဆုံးဖြတ်ချက်ချခြင်း စသော ရွေးချယ်ထားသည့် ကဏ္ဍများအတွက် အရည်အသွေး နှင့် အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ ရှိကြောင်း ရှင်းပြပါ။ |
| အဆင့်(၇) | ကွဲပြားခြားနားသော ကျားမအခန်းကဏ္ဍများ၊လူမှုဆိုင်ရာစံနှုန်းများ၊ ရိုးရာဓလေ့များ၊ယဉ်ကျေးမှု၊ တန်ဖိုးထား မှု၊ တရားဝင်ကာကွယ်စောင့်ရှောက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းစသည်တို့ကြောင့် အမျိုးသားများနှင့် အမျိုးသမီး များ အတွေ့အကြုံများ ကွဲပြားခြားနားသွားကြောင်းရှင်းပြပါ။ ၎င်းအချက်များသည် ပါဝါ ဆက်သွယ်ရေးတွင် မညီမျှစေမှုများ၊ ရင်းမြစ်များကို အသုံးချနိုင်မှုနှင့် စီမံခန့်ခွဲနိုင်မှုများနှင့် အမျိုးသားများနှင့် အမျိုးသမီးများအကြား မညီမျှမှု ရလဒ်များကို ဖြစ်ပေါ်လာစေကြောင်း၊ ကျားမရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၊ မိန်းကလေး များအားစွမ်းဆောင်ရည် မြှင့်တင်စေခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အရှိန်အဟုန်ဖြင့် တိုးတက်ရေးတွင် အရေးပါ ကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြား ဆက်ဆံမှုပေါင်းစုံမှ ပပျောက်ရေးသည် အခြေခံလူ့အခွင့်အရေးတစ်ခုသာမက ဖွံ့ဖြိုးမှုနယ်ပယ်အမျိုးမျိုးတွင်လည်း အဆပေါင်းများစွာ အကျိုး သက်ရောက်မှုရှိနေပါကြောင်း ရှင်းပြပါ။ |
| အဆင့်(၈) | ကျားမရေးရာတန်းတူညီမျှမှုကို တိုင်းတာရန် ကျား၊ မ ရေးရာ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း (GDI) နှင့် ကျား၊ မ ရေးရာ မညီမျှမှု ညွှန်းကိန်း (GII) ကို ရှင်းပြပါ၊ ကျားမရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်မှုတို့အတွက် အလေးပေးရမည့် နယ်ပယ် (၅) ခု - ၁) ကျန်းမာရေး၊ ၂) ပညာရေး၊ ၃) စွမ်းဆောင်ရည် (ဆုံးဖြတ်ချက်ချခြင်း)၊ ၄) လုပ်သားအင်အားထုတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ၅) အမျိုးသမီးများအပေါ် အကြမ်းဖက် မှု တို့ဖြစ်ပါကြောင်း ရှင်းပြပါ။ |
| အဆင့်(၉) | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျားမရေးရာတန်းတူညီမျှမှု အရေးပါပုံကို ပိုမိုလက်ခံ ယုံကြည် လာစေရန် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခြေအနေကို ပိုမိုနားလည်လာပြီး ဆွေးနွေးနိုင်စေရန် မေးခွန်းများမေးခြင်းဖြင့် ကူညီပေးပါ။ ဥာဏ်စမ်းမေးခွန်းများကိုလည်း မေးမြန်းနိုင်ပါသည်၊ ဥာဏ်စမ်းမေးခွန်းများအတွက် အဖြေများကို အောက်တွင် ဖော်ပြထားပါသည်။ |
| အဆင့်(၁၀) | ပါဝင်ဆွေးနွေးသူများကို ၎င်းတို့၏ အမြင်များ ဆွေးနွေးရန် ဖိတ်ခေါ်ပြီး အနှစ်ချုပ်ပါ။ |

**ဥာဏ်စမ်းမေးခွန်း အဖြေများ**

| | | | | |
|---|---|---|---|---|
| ပါဝါပွိုင့် အမှတ် ၁၈- အဖြေမှန် ၂၈၂ | ပါဝါပွိုင့် အမှတ် ၁၉- အဖြေမှန် ၈၇% | ပါဝါပွိုင့် အမှတ် ၂၀- အဖြေမှန် ၁၂% | ပါဝါပွိုင့် အမှတ် ၂၁- အဖြေမှန် ၁၀၁ | ပါဝါပွိုင့် အမှတ် ၂၂- အဖြေမှန် ၅၁% |

## လုပ်ငန်းစဉ် သင်ခန်းစာ (၂) - COVID-19 ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျားမရေးရာတန်းတူညီမျှမှု ( ပါဝါပွိုင့် အမှတ် ၂၄ မှ ၃၄ အထိ)

| | |
|---|---|
| **အဆင့် ၁** | ကျားမရေးရာတန်းတူညီမျှမှုရှုဒေါင့်မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နှင့် COVID-19 တို့ကို မိတ်ဆက်ပေးပါ။ |
| **အဆင့် ၂** | ပါဝင်ဆွေးနွေးသူများကို COVID-19 မှ အမျိုးသမီးများနှင့် ကျားမရေးရာအပေါ် မည်သို့ အကျိုး သက်ရောက် သည်ကို ဆွေးနွေးစေပါ။ |
| **အဆင့် ၃** | စီးပွားရေး၊ ကျန်းမာရေး၊ အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှုအလုပ်၊ ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို အလေးထားလေ့လာသည့် ကမ္ဘာလုံးဆိုင်ရာနှင့် မြန်မာနိုင်ငံ ဆိုင်ရာ စာရင်းအင်း အချက်အလက်များအပေါ် အခြေခံ၍ COVID-19 အကျိုးသက်ရောက်မှုကို တက်ရောက်သူများကို ဆွေးနွေးစေပါ။ |
| **အဆင့် ၄** | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အပေါ် COVID-19 အကျိုးသက်ရောက်မှုကို အကျဉ်းချုံးတင်ပြပါ။ (ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများနှင့် မိန်းကလေးများ၊ အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှု အလုပ်၊ အိမ်တွင်း အကြမ်းဖက်မှုနှင့် အကူအညီတောင်းခံသည့် အပြုအမူများ) |

COVID-19 RESPONSE

UN WOMEN

## အပိုင်း(၂) - ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ကျန်းမာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် အမျိုးသမီးများ အပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ

လိုအပ်သော သင်ထောက်ကူပစ္စည်းများ - ပါဝါပွိုင့် တင်ပြချက်များ
အချိန် - ၁နာရီ

### အပိုင်း (၂) ရည်ရွယ်ချက်များ

ကမ္ဘာလုံးဆိုင်ရာနှင့် မြန်မာနိုင်ငံ ရှိ ကျန်းမာရေးကဏ္ဍ နှင့် စီးပွားရေး ကဏ္ဍတို့ တွင် အမျိုးသမီးများနှင့် ကျားမရေးရာ အပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ နားလည်လာစေရန်

COVID-19 ၏ အကျိုးသက်ရောက်မှုများလျှော့ချရန် ကျားမရေးရာနှင့် အမျိုးသမီးများသည် ကျန်းမာရေး နှင့် စီးပွားရေး တုံ့ပြန်ဆောင်ရွက်မှုများတွင် အားလုံးအကျုံးဝင်သည်ကို သိရှိစေရန်

### အစီအစဉ်

| အပိုင်း | ကြာချိန် | သင်ခန်းစာ | နည်းလမ်းနှင့် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁ | မိနစ် ၃၀ | ကမ္ဘာလုံးဆိုင်ရာနှင့် မြန်မာနိုင်ငံရှိ ကျန်းမာရေးကဏ္ဍတွင် အမျိုးသမီးများနှင့် ကျားမရေးရာ အပေါ် COVID-19 ၏ အကျိုးသက်ရောက်မှုများ တင်ပြခြင်း | တင်ပြဆွေးနွေးခြင်း မျှဝေခြင်း |
| ၂ | မိနစ် ၃၀ | ကမ္ဘာလုံးဆိုင်ရာ နှင့် မြန်မာနိုင်ငံရှိ စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများနှင့် ကျားမရေးရာ အပေါ် COVID-19 ၏ အကျိုး သက်ရောက်မှုများ တင်ပြခြင်း | တင်ပြဆွေးနွေးခြင်း မျှဝေခြင်း |

### လုပ်ငန်းစဉ် သင်ခန်းစာ (၁)- ကျန်းမာရေးကဏ္ဍတွင် အမျိုးသမီးများနှင့် ကျားမရေးရာ အပေါ် *COVID-19* ၏ အကျိုးသက်ရောက်မှုများ နှင့် ဆက်စပ်သည့် လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများနှင့် အခက်အခဲ ပြဿနာများ (ပါဝါပွိုင့် အမှတ် ၃၆ မှ ၄၃ အထိ)

| | |
|---|---|
| **အဆင့် ၁** | ကျားမရေးရာနှင့် COVID-19 အကျိုးသက်ရောက်မှု - ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ အခြေအနေများ တင်ပြပါ။ |
| **အဆင့် ၂** | ကျားမရေးရာနှင့် COVID-19- "မြန်မာနိုင်ငံရှိ ကျန်းမာရေးကဏ္ဍ အပေါ် အကျိုးသက်ရောက်မှု" ကို တင်ပြပါ။ မြန်မာနိုင်ငံ၏ ကျန်းမာရေးရာ ကိန်းဂဏန်းများ၊ ကျန်းမာရေးဝန်ဆောင်မှု သုံးစွဲရရှိနိုင်မှု၊ ကျန်းမာရေး အဆောက်အအုံ၊ ကျားမ စံနှုန်းများ၊ ကျားမအခြေပြု အကြမ်းဖက်မှုများ၊ အမျိုးသမီးများအပေါ် ဝန်ထုပ်ဝန်ပိုး နှစ်ဆ ဖြစ်ခြင်း အကြောင်းတို့ကို ဆွေးနွေးပါ။ |
| **အဆင့် ၃** | ပါဝင်ဆွေးနွေးသူများအား ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေရန် ဖိတ်ခေါ်ပါ။ |

COVID-19 RESPONSE

UN WOMEN

## လုပ်ငန်းစဉ် သင်ခန်းစာ (၂)- ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံတော်အဆင့်တွင် အမျိုးသမီးများအပေါ် COVID-19 သက်ရောက်မှုနှင့် စီးပွားရေးအကျိုးသက်ရောက်မှုများ ( ပါဝါပွိုင့်အမှတ် ၄၅ မှ ၅၅)

| | |
|---|---|
| **အဆင့် ၁** | ကမ္ဘာလုံးဆိုင်ရာ COVID-19 သက်ရောက်မှုနှင့် စီးပွားရေးကဏ္ဍ အကျိုးသက်ရောက်မှုများ ယေဘုယျ အခြေအနေကို စတင်မိတ်ဆက်ပါ။ |
| **အဆင့် ၂** | COVID-19 သက်ရောက်မှုကြောင့် အမျိုးသမီးများ၏ စီးပွားရေးနှင့် ဝင်ငွေရှာဖွေမှု ဘဝ အခြေအနေများကို အလုပ်အကိုင် ဆုံးရှုံးမှုများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စသည့် သတင်း၊ စာရင်းအင်း အချက်အလက်များ ဖြင့် ရှင်းပြပါ။ |
| **အဆင့် ၃** | COVID-19 သည် အလွတ်တန်းကဏ္ဍ နှင့် စက်ရုံလုပ်သားကဏ္ဍများတွင် အလုပ်လုပ်နေကြသော အမျိုးသမီး များ အပေါ် မည်သို့ရိုက်ခတ်သည်ကို ရှင်းပြခြင်း၊ COVID-19 ကြောင့် ကျားမအခြေပြု အကြမ်းဖက်မှုများ တိုးလာခြင်းကိုလည်း ရှင်းပြပါ။ |
| **အဆင့် ၄** | မဲခေါင်ဒေသရှိ ကဏ္ဍစုံတွင် အလုပ်လုပ်နေသော အမျိုးသမီးများကို COVID-19 က မည်ကဲ့သို့ ပြင်းထန်စွာ ခြိမ်းခြောက်နေသည်ကို တင်ပြပါ။ |
| **အဆင့် ၅** | World Bank ၏ မြန်မာနိုင်ငံ စီးပွားရေးကို စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ တွင် ဖော်ပြထားသည့် အခြေအနေအရပ်ရပ်တွင် စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားများနှင့် ကူးစက်သွားနိုင်သည့် လမ်းကြောင်း များကို မျှဝေပါ။ |
| **အဆင့် ၆** | COVID-19 ၏ အမျိုးသမီးများလူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းများအပေါ် သက်ရောက်မှုကို ဖော်ပြပြီး အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်းများ ယေဘုယျ ခြုံငုံတင်ပြပါ။ |
| **အဆင့် ၇** | မြန်မာနိုင်ငံရှိ COVID-19 ကျားမရေးရာ လေ့လာဆန်းစစ်ချက်များ၏ တွေ့ရှိချက်များအပေါ် အခြေပြုပြီး အကြပ်အတည်းများသည် အမျိုးသမီးများအား အချိုးအဆမညီစွာ မည်သို့ထိခိုက်နေသည်ကို ဆွေးနွေးပါ။. |
| **အဆင့် ၈** | ပါဝင်ဆွေးနွေးသူများ၏ အမြင်၊ မေးခွန်းများ ဆွေးနွေးရန် ဖိတ်ခေါ်ပါ။၏ |

## အပိုင်း(၃)- မြန်မာနိုင်ငံနှင့် ကမ္ဘာတလွှားတွင် အမျိုးသမီးများ/ကျားမရေးရာအပေါ် COVID-19 အကျိုးသက်ရောက်မှု ငြိမ်းချမ်းရေး/လုံခြုံရေးနှင့် လူမှုသဟဇာတဖြစ်မှု

လိုအပ်သော သင်ထောက်ကူပစ္စည်းများ - ပါဝါပွိုင့် တင်ပြချက်များ
အချိန် - ၃၀ မိနစ်

### အပိုင်း (၃) ရည်ရွယ်ချက်

ထိရောက်သော COVID-19 တုံ့ပြန်ဆောင်ရွက်မှုအတွက် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှု သဟဇာတ မျှတရေးအား ထည့်သွင်းခြင်း၏ အရေးပါမှုနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ရန်

### အစီအစဉ်

| အပိုင်း | ကြာချိန် | သင်ခန်းစာ | နည်းလမ်းနှင့် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁ | ၁၅ မိနစ် | အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေး၏ အဓိကကျသော အစိတ် အပိုင်းများနှင့် ပတ်သက်သည့် တင်ပြ ဆွေးနွေးခြင်း | တင်ပြ ဆွေးနွေး ခြင်း ဉာဏ်စမ်းပဟေဠိ |
| ၂ | ၁၅ မိနစ် | မြန်မာနိုင်ငံရှိ အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေးအပေါ် စိန်ခေါ်မှုများနှင့် ပြဿနာများ တင်ပြ ဆွေးနွေးခြင်း | တင်ပြဆွေးနွေးခြင်း |

### လုပ်ငန်းစဉ် သင်ခန်းစာ (၁)- အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေး၏ အဓိကကျသော အစိတ်အပိုင်းများနှင့် ပတ်သက်သည့် တင်ပြဆွေးနွေးခြင်း (ပါဝါပွိုင့်အမှတ် ၅၆ မှ ၇၀ အထိ)

| | |
|---|---|
| **အဆင့် ၁** | ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမို နားလည်သဘော ပေါက်စေရန် ဉာဏ်စမ်း ပဟေဠိ ပြုလုပ်ပါ။ |
| **အဆင့် ၂** | "အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေး အပေါ် နားလည်သဘောပေါက်ခြင်း" နှင့် ပတ်သက်ပြီး ပါဝင်တက်ရောက်သူများအား မေးမြန်းပြီး အဖြေများကို စုစည်းထားပါ။ အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှု သဟဇာတ မျှတရေး၏ အဓိကကျသော အစိတ်အပိုင်းများ အပေါ် နားလည် သဘောပေါက်ခြင်း၏ အရေးပါမှုနှင့် ရေရှည် တည်တံ့သော ငြိမ်းချမ်းမှုကို မြှင့်တင်ရန် ၎င်း၏ ဆက်နွယ်မှုအား ပါဝင် တက်ရောက်သူ များကို ရှင်းလင်းတင်ပြပါ။ |
| **အဆင့် ၃** | "အမျိုးသမီးများ ငြိမ်းချမ်းရေး ၊ လုံခြုံရေး နှင့် လူမှုသဟဇာတ မျှတရေး၏ အဓိကကျသော အစိတ်အပိုင်းများ" အား တင်ပြပါ။ (ထိုအထဲတွင် အမျိုးသမီးများ ငြိမ်းချမ်းရေး၊ လုံခြုံရေး နှင့် ပတ်သက်သော ကာကွယ်မှုနှင့် ပါဝင်ဆောင်ရွက်မှု ၃ ခု၊ ကုစားမှု ၁ ခု ပါဝင်ပြီး လူမှု သဟဇာတ မျှတမှု အစိတ်အပိုင်း ၃ ခု (လူမှုရေးရာ ဆက်ဆံရေးများ၊ ချိတ်ဆက်ဆောင်ရွက်မှု၊ အားလုံးအတွက် ကောင်းမွန်သော တန်းတူညီမျှမှုနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း) တို့ ပါဝင်သည်။ ) |

**ဉာဏ်စမ်းမေးခွန်းအဖြေများ**

| | | | | |
|---|---|---|---|---|
| ပါဝါပွိုင့် အမှတ် ၅၉ - အဖြေမှန် ၁၂% | ပါဝါပွိုင့် အမှတ် ၆၀ - အဖြေမှန် ၁၀% | ပါဝါပွိုင့် အမှတ် ၆၁ - အဖြေမှန် ၃၀% | ပါဝါပွိုင့် အမှတ် ၆၂ - အဖြေမှန် ၁၇% | ပါဝါပွိုင့် အမှတ် ၆၃ - အဖြေမှန် ၃၃% |

## လုပ်ငန်းစဉ် သင်ခန်းစာ (၂) - မြန်မာနိုင်ငံရှိ အမျိုးသမီးများ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေးအပေါ် စိန်ခေါ်မှုများနှင့် ပြဿနာများ (ပါဝါပွိုင့်အမှတ် ၇၀ မှ ၇၅ အထိ)

| | |
|---|---|
| **အဆင့် ၁** | ကျား၊ မရေးရာ ကို ထည့်သွင်းစဉ်းစားသော COVID-19 - မြန်မာနိုင်ငံရှိ အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံ ရေးနှင့် လူမှုသဟဇာတ မျှတရေး အား တင်ပြပြီး အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် မတူကွဲပြားစွာ သက်ရောက်နေသော ပြဿနာများ/ စိန်ခေါ်မှုများအား အလေးထားဖော်ပြပါ။ |
| **အဆင့် ၂** | အစိုးရ လက်မှတ်ထိုးတားသော နိုင်ငံတကာ ပဋိညာဉ်စာချုပ်များ၊ အစိုးရ ကတိကဝတ်ပြုထားသည့် အမျိုးသား အဆင့် အစီအစဉ်တို့နှင့် သက်ဆိုင်သည့် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှုသဟဇာတ မျှတရေးကို ပိုမို နားလည်သဘောပေါက်စေရန် " အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှင့် ဆက်စပ်သော နိုင်ငံတကာ ပဋိညာဉ်စာချုပ်များနှင့် အမျိုးသားအဆင့် အစီအစဉ်များ” အား တင်ပြပါ။ |
| **အဆင့် ၃** | ပါဝင်တက်ရောက်သူများထံမှ အမြင်နှင့် မှတ်ချက်များကို မေးမြန်းပြီး သင်ခန်းစာအား နောက်ဆုံး အကျဉ်း ချုပ်ပါ။ |

COVID-19 RESPONSE

UN WOMEN

## အပိုင်း (၄) Covid-19 ဆိုင်ရာ စီးပွားရေးကုစားမှုအစီအစဉ် နှင့် ကျား၊မရေးရာ ရှုထောင့်များမှ တုံ့ပြန်ဆောင်ရွက်ချက်များ

လိုအပ်သော သင်ထောက်ကူပစ္စည်းများ - ပါဝါပွိုင့် တင်ပြချက်များ
အချိန် - ၁နာရီ

### အပိုင်း(၄) ရည်ရွယ်ချက်များ

Covid-19 ဆိုင်ရာ စီးပွားရေးကုစားမှုအစီအစဉ် နှင့် ကျား၊မရေးရာ ရှုထောင့်များမှ မည်သို့တုံ့ပြန်ရမည်နှင့် ပက်သက်သည့် အသိပညာ ဗဟုသုတများ ရရှိရန်

### အစီအစဉ်

| အပိုင်း | ကြာချိန် | သင်ခန်းစာ | နည်းလမ်းနှင့် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁ | ၁၅ မိနစ် | ကမ္ဘာတစ်လွှားနှင့် မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကို မည်သို့ တုံ့ပြန်ဆောင်ရွက်ကြသည်ကို တင်ပြဆွေးနွေးခြင်း | သင်ခန်းစာအား တင်ပြဆွေးနွေးခြင်း |
| ၂ | ၄၅ မိနစ် | COVID-19 အပေါ်တုံ့ပြန်ဆောင်ရွက်ကြသည့် မူဝါဒ အစီအစဉ်များအပေါ် ကျားမရေးရာတုံ့ပြန် ဆောင်ရွက်ခြင်းအကြောင်းကို မြန်မာနိုင်ငံ၏ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - **COVID 19 Economic Relief Plan – CERP** တွင် ပန်းတိုင်(၆) ဖြစ်သော ကျန်းမာရေးကဏ္ဍကို ဥပမာပြုကာ အုပ်စုလိုက်ဆွေးနွေးခြင်း | သင်ခန်းစာအား တင်ပြဆွေးနွေးခြင်း |

### လုပ်ငန်းစဥ် သင်ခန်းစာ (၁)- ကမ္ဘာတစ်လွှားနှင့် မြန်မာနိုင်ငံတွင် *COVID-19* ကပ်ရောဂါကို မည်သို့ တုံ့ပြန်ဆောင်ရွက်ကြသည်ကို တင်ပြဆွေးနွေးခြင်း (ပါဝါပွိုင့် အမှတ် ၇၇ မှ ၉၀ အထိ)

| | |
|---|---|
| **အဆင့် ၁** | နိုင်ငံများတွင် COVID-19 ကပ်ရောဂါကို မည်သို့ တုံ့ပြန်ဆောင်ရွက်ကြသည်ကို ရှင်းပြပါ။ |
| **အဆင့် ၂** | မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်သည့် အစီအစဉ် ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါကြောင်း ( COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - COVID-19 Economic Relief Plan – CERP ကို ဥပမာ ပေးကာ ရှင်းပြရန် ဖြစ်ပါသည်။) |
| **အဆင့် ၃** | ထိုသို့ COVID-19 ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - COVID-19 Economic Relief Plan – CERP ကို ဥပမာ ပေးကာ ကျား၊ မရေးရာ များကို တုံ့ပြန် ဖြေရှင်း နိုင်မည့် အကြံပြုတင်ပြချက်များ အနေဖြင့် ယေဘုယျ အကြံပြုချက်များကို ရှင်းပြပါ။ |
| **အဆင့် ၄** | COVID 19 ကပ်ရောဂါအပေါ် ကျား၊ မရေးရာ များကို တုံ့ပြန်ဖြေရှင်းနိုင်မည့် အကြံပြုတင်ပြချက်များ အနေဖြင့် မြန်မာနိုင်ငံ၏ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - COVID-19 Economic Relief Plan – CERP ကို ဥပမာ ပေးကာ ပန်းတိုင်တစ်ခုစီကို ရှင်းပြပါ။ |

**လုပ်ငန်းစဥ် သင်ခန်းစာ (၂)- *COVID-19* အပေါ် တုံ့ပြန်ဆောင်ရွက်ကြသည့် မူဝါဒအစီအစဥ်များ အပေါ် ကျားမရေးရာ တုံ့ပြန်ဆောင်ရွက်ခြင်း အကြောင်းကို မြန်မာနိုင်ငံ၏ *COVID-19* စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - *COVID-19 Economic Relief Plan – CERP* တွင် ပန်းတိုင်(၆) ဖြစ်သော ကျန်းမာရေးကဏ္ဍကို ဥပမာပြုကာ တင်ပြ ဆွေးနွေးခြင်း ( ပါဝါပွိုင့် အမှတ် ၉၂ နှင့် ၉၃)**

| | |
|---|---|
| **အဆင့် ၁** | မြန်မာနိုင်ငံ၏ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် - **COVID-19 Economic Relief Plan – CERP** တွင် ပန်းတိုင်(၆) ဖြစ်သော ကျန်းမာရေးကဏ္ဍအတွက် ကျား၊ မရေးရာ များကို တုံ့ပြန်ဖြေရှင်းနိုင်မည့် အကြံပြုတင်ပြချက်များကို ဆွေးနွေးတင်ပြပါ။ (မှတ်ချက် - ဤဆွေးနွေးမှုတွင် CERP နှင့် ကျန်းမာရေးကဏ္ဍအား ဥပမာ အနေဖြင့် ဆွေးနွေးခြင်းသာဖြစ်ပြီး ကျန်းမာရေးကဏ္ဍအစား မိမိတို့ဒေသလိုအပ်ချက်များကို အစားထိုး ဆွေးနွေးနိုင်သည်။) |
| **အဆင့် ၂** | အုပ်စုလိုက် ဆွေးနွေးခြင်းအတွက် ပါဝင်ဆွေးနွေးသူများကို အုပ်စု (၄) စု ဖွဲ့ပါ။<br><br>အုပ်စု (၁) အတွက် အကြံပြုချက် (ပန်းတိုင် ၁-၂)<br><br>အုပ်စု(၂) အတွက် အကြံပြုချက် (ပန်းတိုင် ၃-၄)<br><br>အုပ်စု (၃) အတွက် (ပန်းတိုင် ၅-၆)<br><br>အုပ်စု (၄) အတွက် (ပန်းတိုင်၇) စသဖြင့် ဆွေးနွေးနိုင်ရန် စီစဥ်ပေးပါ။ ဆွေးနွေးချိန်မှာ(၃၀)မိနစ် ဖြစ်သည်။<br><br>ဆွေးနွေးမည့် အကြောင်းအရာများမှာ - အဆင့် (၅) တွင် ဆွေးနွေးတင်ပြထားသော အကြံပြုတင်ပြချက်များကို အခြေပြုပြီး ကျန်းမာရေးကဏ္ဍအတွက်<br><br>၁။ သင့်ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည်များ၊<br><br>၂။ ထပ်မံလုပ်ဆောင်ရန် အရေးအကြီးဆုံး လိုအပ်ချက်များ၊<br><br>၃။ မည်သူတို့က မည်ကဲ့သို့ဆောင်ရွက်မည်နည်းနှင့်<br><br>၄။ မည်သည့် ပံ့ပိုးမှုများ (အရင်းအမြစ်များ) လိုအပ်သနည်း တို့ဖြစ်သည်။ |
| **အဆင့် ၃** | တင်ပြဆွေးနွေးချက်ပေါ် အခြေပြုပြီး အခြားအုပ်စုများမှ ဖြည့်စွက်ဆွေးနွေးလိုသည်များကို ဖိတ်ခေါ်ပြီး ဆွေးနွေးစေပါ။ |
| **အဆင့် ၁** | အုပ်စုလိုက်ဆွေးနွေးခြင်းအပြီးတွင် တက်ရောက်လာသူအားလုံးအား “ကျားမရေးရာကို ကဏ္ဍအားလုံးတွင် ထည့်သွင်းဆောင်ရွက်ခြင်းအတွက် မည်သူ့တွင် တာဝန်ရှိသနည်း” ဟူသော မေးခွန်းနှင့် ပတ်သတ်၍ ဆွေးနွေးမေးမြန်းကာ ဆွေးနွေးချက်ပေါ် အခြေပြုပြီး ပါဝင်ပတ်သက်သူအားလုံးက မျှဝေယူထားသည့်တာဝန်များ၊ အဆင့်မြင့်ခေါင်းဆောင်များ၏ ကတိကဝတ်များ၊ အစီအစဥ်၊ စီမံချက်များ၊ M&E မူဝါဒများ၊ လေ့လာသုံးသပ်ခြင်း၊ အကောင်အထည် ဖော်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းတို့ အတွက် တာဝန်ယူထားသူများ ၊ ကျားမရေးရာကို ကဏ္ဍစုံတွင် ထည့်သွင်း ဆောင်ရွက် ရန်အတွက် ရင်းမြစ်များ ( ဥပမာ - လူသားရင်းမြစ်၊ အချိန်၊ ဘဏ္ဍာရေးဆိုင်ရာ) တာဝန် တို့အကြောင်း ရှင်းပြပြီး သင်ခန်းစာ ကို အနှစ်ချုပ်ပါ။ |

**Reference:**


1. UN Women Myanmar. *POLICY BRIEF: Integrating gender responsive strategies into the COVID-19 Economic Response Plan (CERP): What can be done? Myanmar: 2020.* Available from: https://themimu.info/sites/themimu.info/files/documents/Policy_Brief_Integrating_Gender_Responsive_Strategies_into_the_CERP_UNWOMEN_Oct2020_ENG.pdf
2. Ministry of Women and Children Affairs and UNDP Bangladesh. *Gender and Development Training Manual for Bangladesh Civil Servants.* Bangladesh: 2005.
3. United Nations. Brief#2: *Putting the UN Framework for Socio-Economic Response to COVID-19 into action: insights (June 2020). 2020. Available from: https://reliefweb.int/report/world/brief-2-putting-un-framework-socio-economic-response-covid-19-action-insights-june-2020.*
4. OCHA (Myanmar Humanitarian Country Team). *Myanmar humanitarian needs overview 2020*. Myanmar: 2019. Available from: https://reliefweb.int/report/myanmar/myanmar-humanitarian-needs-overview-2020-december-2019.
5. International Food Policy Research Institute (IFPRI). *A Gender-Transformative Response to COVID-19 in Myanmar*. Myanmar: 2020. Available from: https://www.ifpri.org/publication/gender-transformative-response-covid-19-myanmar.
6. International Labour Organization. *Assessment of the business service and training market in Myanmar*. Myanmar: 2014. Available from: https://www.ilo.org/global/docs/WCMS_317042/lang--en/index.htm.
7. United Nations Economic and Social Commission for Asia and the Pacific. *Myanmar Business Survey: Data analysis and policy implications*. Myanmar: 2014. Available from: https://www.unescap.org/resources/myanmar-business-survey-data-analysis-and-policy-implications.
8. United Nations. *Myanmar- United Nations Development Assistance Framework 2018 – 2022*. Myanmar: 2019. Available from: https://openjicareport.jica.go.jp/pdf/12267761.pdf.
9. Japan International Cooperation Agency. *Data Collection Survey on Women's Economic Activities in Myanmar*. Myanmar: 2016. Available from: https://openjicareport.jica.go.jp/pdf/12267761.pdf.
10. Ministry of Health and Sports. *Myanmar Demographic Health Survey (2015-2016).* Myanmar: 2017. Available from: https://dhsprogram.com/publications/publication-fr324-dhs-final-reports.cfm.
11. Ministry of Planning and Finance. *Overcoming as one: COVID-19 Economic Relief Plan (CERP).* Myanmar: 2020. Available from: https://www.mopfi.gov.mm/my/blog/45/11310.
12. UN Women Myanmar. *A woman in a Myanmar village tries to rescue her small business from the COVID-19 Pandemic*. Myanmar: 2020. Available from: https://www.unwomen.org/en/news/stories/2020/5/feature-myanmar-women-work-to-protect-small-businesses-during-COVID-19

13. Caroline Freund and Iva Ilieva Hamel. *COVID is hurting women economically, but governments have the tools to offset the pain*. 2020. Available from: https://blogs.worldbank.org/psd/covid-hurting-women-economically-governments-have-tools-offset-pain.

14. Mckinsey & Company. *Economic conditions snapshot, June 2020: McKinsey Global Survey Results. 2020*. Available from: https://www.mckinsey.com/business-functions/strategy-and-corporate-finance/our-insights/economic-conditions-outlooks-2020.

15. United Nations. Policy Brief: The Impact of COVID-19 on Women. 2020. Available from: https://www.un.org/sexualviolenceinconflict/wp-content/uploads/2020/06/report/policy-brief-the-impact-of-covid-19-on-women/policy-brief-the-impact-of-covid-19-on-women-en-1.pdf.

16. The World Bank. *Policy Note: Gender dimensions of the COVID-19 pandemic*. 2020. Available from: https://openknowledge.worldbank.org/handle/10986/33622.

17. The World Bank. *Myanmar economic monitor report: June 2020*. Available from: https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-reports.

18. Care International, UN Women. *Rapid Gender Analysis of COVID-19 in Myanmar (Version 1)*. Myanmar: 2020. Available from: https://reliefweb.int/report/myanmar/care-rapid-gender-analysis-covid-19-myanmar-7-june-2020-version-1.

19. Care, UNICEF, UN Women. *Rapid Gender Analysis during COVID-19 Pandemic: Mekong Sub-regional Report- Cambodia, Lao PDR, Myanmar, Thailand*. Cambodia: 2020. Available from: https://reliefweb.int/report/cambodia/rapid-gender-analysis-during-covid-19-pandemic-mekong-sub-regional-report-cambodia.

20. European Institute for Gender Equality (EIGE). *Unpaid care and housework*. 2019. Available from: https://eige.europa.eu/covid-19-and-gender-equality/unpaid-care-and-housework.

21. UNDP. COVID-19, *Coup d'Etat and Poverty: Compounding negative shocks and their impacts on Human Development in Myanmar*. Myanmar: 2020. Available from: https://reliefweb.int/report/myanmar/covid-19-coup-detat-and-poverty-compounding-negative-shocks-and-their-impact-human.